# မော်ကွန်းလည်း ထိုးလောက်တယ် … မြင့်မြတ်တဲ့ … ဗိုလ်အောင်ဆန်းရယ်

ဆယ်ပေပတ်လည်သာသာ ည့ေ်ခန်းငယ်လေးအတွင်း တယ်လီဗေးရှင်းပြစက်ငယ် တလုံးနှင့် စာအုပ်စင်မှန်ဘီဒို တခုသာ ရှိ၏။ နံရံများတွင်မူ တပ်မတော်၏ ဖခင်ကြီးဗိုလ်ချုပ်အောင်ဆန်း၏ သမိုင်းဝင်ရှားပါးသော ဓါတ်ပုံများကို ချိတ်ဆွဲထားပြီး စာအုပ်စင် အတွင်းတွင်လည်း ဗိုလ်ချုပ်၏ မျက်နှာဖုံးပုံပါ မဂ္ဂဇင်းများ၊ စာစောင်များစွာကို စနစ်တကျ အစီအရီထပ်ကာ သိမ်းဆည်းထားသည်ကို တွေ့ရ၏။

ဤ အခန်းကျဉ်း ည့ေ်ခန်းငယ်လေးတွင်း အသက် ၈၀ကျော်ခန့်အရွယ် အဘိုးအို တဦးနှင့် ၃၀ ဝန်းကျင် လူငယ်တဦးတို့ စကားပြောနေကြ၏။ ည့ေ်ခန်းနှင့် ကပ်လျှက်တဖက်ခန်းတွင် အဘိုးအို၏ အိပ်ခန်းရှိ၏။ ထိုအိပ်ခန်းတွင်းမှ ခုတင်မှာ စာအုပ်ပုံကြီးအကြားမှ အစွန်းလေးဘက်နှင့် လူဝင်ရန်လမ်းငယ်သာပေါ်ထွက်နေပြီး ပတ်ပတ်လည်တွင် စာအုပ်များစွာတို့ ပြည့်နှက်လျှက်ရှိသည်ကို တွေ့ရ၏၊ စာအုပ်များစွာတို့ တခန်းလုံး အပြည့်၊ အစီအရီထပ်ထားသည်မှာ အဘိုးအို၏ စည်းကမ်း ကောင်းမွန်မှုကို ပြနေ၏။ စာပေချစ်မြတ်နိုးမှုကို ပြ၏။ ပညာဉာဏ်ကြီးမားမှုကို ပြနေ၏။

တကိုယ်လုံးမှ ကြွက်သားစိုင်ငယ်တို့ မျှင်းမျှင်းမျှသာ ကျန်တော့အောင် အရိုးပြိုင်းပြိုင်းထနေသော ဇရာ၊ ခွေယိုင်လဲတော့မတတ် ပိန်ချိနေသော ခန္ဓာနှင့် အဘိုးအိုသည် အသက်ဤမျှပင် ကြီးလင့်ကစား သူ့ ဇရာနှင့် လုံးဝ မလိုက်ဖက်အောင် မျက်ဝန်း မျက်နှာထားက တင်းမာခက်ထန်လှ၏။ မျက်ခုံး၏နောက်ဘက်သို့ လက်မဝက်ခန့်မျှ ချိုင့်နိမ့်ဝင်နေပြီဖြစ်သော သူ့မျက်ဝန်းငယ် နှစ်ခုကလည်း သူ၏စိတ်အားမာန် ထက်သန်မှုကို ဖေါ်ကျူးနေ၏။ ခိုင်ကျည်မြဲမြံ စူးစိုက် ထက်သန်သည့် စိတ်သတ္တိစွမ်းအင်တို့ကြောင့် အဘိုးအို၏ မျက်လုံးများသည် ဖန်ဂေါ်လီလုံး ကြည်ပြာလေးများသဖွယ် တောက်ပစူးရှနေသလို၊ တိုးကျယ်လွှလွှ လေသံမျှဖြင့် သူပြောပြသော အကြောင်းအရာများကလည်း အလွန်စိတ်ဝင်စားဖွယ်ကောင်းလှ၏။

ယနေ့ခေတ်လူတို့ သိဖူးကြားဖူးမည်မထင်သော ဖြစ်စဉ်များကို ကိုယ်တွေ့ကြုံခဲ့ရသူ အဘိုးအိုက လေသံမျှသော စူးရှသံဖြင့် ပြန်ပြောင်းပြောနေသည်မှာ သူ့ဇရာသည်ပင် ရှိန်လန့်၍ ရှောင်ပြေးပေးနေလေသည် ထင်ရတော့၏။ ဒါသည်လည်း စစ်သွေးစစ်မာန် စိတ်ရင်းခံကြောင့်ပါပင် …။

ဂျပန်ခေတ် စစ်တက္ကသိုလ်ကျောင်းဆင်း ဖြစ်သူ ထိုအဘိုးအိုက သူငယ်နုစဉ် စစ်သား ဘဝက ကြုံခဲ့ရသော မျိုးချစ်တပ်မတော်၏ ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ စိတ်ဓါတ် အတွေးအခေါ်များ၊ အပြုအမူများ အကြောင်းကို ယနေ့မြန်မာစစ်တပ်မှ စစ်ဗိုလ်လူရွယ် တဦးအား ပြောပြနေခြင်း ဖြစ်ပါသည်။

၂၀၀၅ခုနှစ်၊ နိုဝင်ဘာလအတွင်း၊ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် သုံးလွှာထပ်ရှိ တိုက်ခန်းကျဉ်းငယ် တခန်းအတွင်း တဦးတည်းနေထိုင်သည့် စာရေးဆရာကြီးအား စာပေချစ်မြတ်နိုးစိတ်ဖြင့် လာရောက် ကန်တော့ကာ ဩဝါဒ နာခံသော စစ်ဗိုလ်လေးအား မျိုးချစ်စစ်သားဟောင်းစာရေးဆရာကြီးက သွန်သင်ဆုံးမ ပြောကြားခဲ့သော ထိုအကြောင်းများသည် မြန်မာသမိုင်းနှင့် မြန်မာ့တပ်မတော်သမိုင်းကို အမှန်အတိုင်း သိခွင့်မရရှာသူ ယနေ့ခေတ်၏ လစ်ဟာနေသော သမိုင်းကွက်လပ်များ ဖြစ်သောကြောင့် မကြာမီ ကျရောက်တော့မည့် သမိုင်းဝင် အာဇာနည်နေ့မတိုင်မီ အထိမ်းအမှတ်တခု အနေဖြင့် တင်ပြလိုက်ပါသည်……။

•တိုက်ခန်းငယ်အတွင်း ပျံ့လွှင့်နေသော စကားသံတို့သည်ကား •• • •••• ••

"အဲဒီနေ့တုန်းက ဗိုလ်ချုပ်ရဲ့ ဇနီး ဒေါ်ခင်ကြည် ဈေးဝယ်သွားရာက ပြန်လာတာကွဲ့။ .... သူ့နောက်မှာ အသက်ခပ်ငယ်ငယ် ရဲဘော်လေး တယောက်က အသီးအနှံတချို့ပါတဲ့ သူ့ဈေးခြင်းကို ဆွဲပြီး ဒေါ်ခင်ကြည် ရဲ့နောက် ကလိုက်လာတာ .... သူတို့နှစ်ယောက် အမေနဲ့သား စကားလက်ဆုံကျနေသလို ပြုံးတပျော်ပျော် စကားတွေပြောရင်း အိမ်ဝင်းထဲ ပြန်ဝင်လာတဲ့ အချိန်ပေါ့။ အဲဒီအချိန်မှာ ကျနော်က အိမ်ရှေ့ ဝရန်တာနားမှာ ဗိုင်ယာလက်ကြေးနန်း..... အရေးကြီး စစ်သတင်းတွေရေးနေရတယ်၊ " သူ့မြေးလောက်ရှိသော လူငယ်စစ်ဗိုလ်လေးအား ကျနော် .... ခင်ဗျားဟု ယဉ်ကျေးစွာ သုံးနှုန်း ပြောဆိုတတ်သည့် အဘိုးအိုက သူကိုယ်တိုင် ပြင်ဆင်လာဟန်တူသော ပဲခြမ်းသုတ် ပန်းကန်လေးကို လူငယ်လေး ရှိရာဘက် စားပွဲပေါ်တွန်းတင်ပေးရင်း တုန်ယင်နေသည့် လေသံစူးစူးငယ်နှင့် ဆက်ပြော၏။

" ...... အဲဒီလို ရဲဘော်လေးက ဈေးခြင်းတောင်းလေးဆွဲပြီး၊ နောက်ကလိုက် လာတာကို အိမ်ပေါ်ကနေ ဗိုလ်ချုပ်က လှမ်းမြင်လိုက်တယ်ထင်တယ် ...... ချက်ချင်း အိမ်ရှေ့က သူတို့နှစ်ယောက်ဆီ သုတ်သုတ်နဲ့ ဆင်းချသွားတယ် ....၊ ပြီးလည်းပြီးရော .... ဘာမပြောညာမပြောနဲ့ သူ့မိန်းမဒေါ်ခင်ကြည် အနား လျှောက်သွားပြီး ...... နားရင်းအုပ် ရိုက်ထည့်လိုက်တယ် .. ဖြောင်းကနဲတောင် မြည်လောက်တယ်.."

"ဟင် ... ဟုတ်လား အဘ" နားထောင်နေသော လူငယ်စစ်ဗိုလ်လေး၏ နှုတ်မှ အံ့သြသံထွက်လာ၏။

"ဟုတ်တယ် ကိုမျိုး....နောက်ကနေ ဈေးခြင်းတောင်းလေး ဆွဲပြီး လိုက်လာတဲ့ အိမ်လုံခြုံရေး တာဝန်ကျ ရဲဘော်လေး ရှေ့မှာတင်ပဲ"

နားထောင်နေသူ စစ်ဗိုလ်လူငယ်ကတော့ ပါးစပ်အဟောင်းသား ..... လုံးဝ အံ့သြမင်သက်သည့် ပုံစံဖြင့် မေးခွန်းတွေ မေးမြန်းချင်နေပုံရသည်။ သူတို့ခေတ် ယနေ့မြန်မာစစ်တပ်တွင်းတွင် မကြားဖူး .... မမြင်ဖူးသော အကြောင်းအချင်းအရာ တခုကို ကြားသိ တွေးမိ လိုက်ရဘိသည့်အလား ထူးဆန်းအံ့သြနေပုံရ၏။

အဘိုးအိုသည် သူငယ်စဉ်က တွေ့မြင်ခဲ့ရသော ဗိုလ်ချုပ်အောင်ဆန်းတို့ မောင်နှံ အကြောင်းကို နှမြောအောက်မေ့ လွမ်းဆွတ်သည့် ဟန်ဖြင့် ဆက်လက်ပြောပြနေပြန်၏ ...

.. သြော် ... သူသည်ပင်လျှင် ဇရာ၏ အလျင်နှင့် အတူ သူချစ်မြတ်နိုးသော ဗိုလ်ချုပ်တို့နောက်သို့ မကြာခင် လိုက်ပါရပေတော့မည့် ၈၀ ဝန်းကျင် အသက် အရွယ်ရောက်နေပေပြီ။ ဤသို့သည့်တိုင် သူ့ခေါင်းဆောင် ဗိုလ်ချုပ်အား သူမမေ့နိုင်သေးပါတကား။

ဂျပန်ခေတ် စစ်တက္ကသိုလ်မှ ဗိုလ်သင်တန်းဆင်းပြီး၊ ဗိုလ်ချုပ်အောင်ဆန်း၏ အပါးတော်မြဲ အဖြစ်တာဝန်ထမ်းရွက်ခဲ့ဖူးသူ မျိုးချစ်စစ်သားဟောင်းကြီး တဦးဖြစ်ခဲ့ဖူးသူ ထိုအဘိုးအိုသည် စာပေဖြင့်လည်းကောင်း၊ စစ်မှုတာဝန်ဖြင့် လည်းကောင်း၊ နိုင်ငံ့အကျိုးနှင့် အမျိုးသားရေး တာဝန်များအတွက် မှန်မြတ်စွာဖြင့် သမိုင်းပေးတာဝန်များ ထမ်းရွက်ခဲ့သူ မျိုးချစ် စာရေးဆရာကြီး နတ်မောက် ဦးဘုန်းကျော် ပင်ဖြစ်ပါသည်။ သူ့ကိုယ်ကျိုးစီးပွားမျှ မကြည့်၊ အခွင့်အရေး အနည်းငယ်မျှ မယူဘဲ ကိုယ်ကျင့်စာရိတ္တ ဖြူစင်စွာ နေထိုင်ခဲ့သူ တော်လှန်ရေး သမိုင်းဝင် စစ်သားဟောင်းကြီး တဦးလည်းဖြစ်ပါသည်။

" .... ဗိုလ်ချုပ်အောင်ဆန်းက ဘာဖြစ်လို့ သူ့မိန်းမကို ရိုက်တာလည်း ဟင်၊ ရဲဘော်တွေရှေ့ အဲလို ရုတ်တရက်ကြီး ရိုက်လိုက်တော့ ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည် အတော်ရှက်သွားမှာဘဲနော်"

အရပ်ဝတ် အင်္ကျီနှင့်ပုဆိုးဝတ်ထားသော်လည်း စစ်သားမှန်း သိသာလောက်သည့် ကျောမတ်မတ်ထိုင်ကာ စိတ်ဝင်တစား နားထောင်နေသော စစ်ဗိုလ်လူငယ်က အံ့သြစွာမေး၏။

အဘ ဦးဘုန်းကျော်က ဆက်ရှင်းပြသည်မှာ .....

" အဲဒါနဲ့ ကျနော်လည်း ကြေးနန်းစာရွက်တွေ ချပြီး အိမ်ရှေ့ ဗိုလ်ချုပ်တို့နား ပြေးဆင်းသွားတာပေါ့ ဘာများ အမှားတွေ ဖြစ်လို့ ဗိုလ်ချုပ်ဒီလောက်တောင် ဒေါသတွေ ထွက်နေရသလဲဆိုပြီးတော့ပေါ့ ... ကျနော်က ဗိုလ်ချုပ်ရဲ့ အပါးတော်မြဲလေ၊ ခုခေတ် အဆိုတော့ ပီအေပေါ့ ..... အဲဒီခေတ်တုန်းက ဗိုလ်ချုပ်ရဲ့ အပါးတော်မြဲလို့ပဲ ခေါ်တယ်။"

စစ်သားဟောင်းဖြစ်သူ အဘိုးအိုက အပြောအဆို ယဉ်ကျေးစွာဖြင့် ဆက်ပြောပြ၏။ ကိုမျိုးဟု အဘိုးအိုက ခေါ်သော လူငယ်မေးသည့် အဖြေကို ဆက်ရှင်းပြလေရာ ...

“အဲဒီတုန်းက ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်က တပ်မတော်ရဲ့ ရာထူးအကြီးဆုံး စစ်သေနာပတိ၊ တမျိုးသားလုံးရဲ့ ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းရဲ့ ဇနီးဆိုပေမယ့် ဒီနေ့ခေတ် စစ်ဗိုလ်ချုပ် ကတော်တွေလို မာန၊ အာဏာ တဝင့်ဝင့်နဲ့ နေခဲ့တာမဟုတ်ဘူးကွဲ့၊ ရဲဘော်တွေအားလုံးက ဗိုလ်ချုပ်နဲ့တန်းတူ သူ့ဇနီးဒေါ်ခင်ကြည်ကို ချစ်ခင်လေးစားကြတယ်။ အဲသည်တုန်းက စစ်ဗိုလ်စစ်သား ဇနီးတွေဆိုတာ ခင်ပွန်း စစ်သားတွေရဲ့ တကယ့် ပါရမီဖြည့်ဖက် ကောင်းတွေပဲ။ တိုင်းပြည်လွတ်လပ်ရေး အတွက် အသက်စွန့်တိုက်ခိုက်ဖို့ တပ်ထဲဝင်လာတဲ့ စစ်ဗိုလ်စစ်သားဆိုတာ အဲဒီခေတ်က ပြည်သူတရပ်လုံးရဲ့ အသည်းစွဲတွေလေ၊ စစ်ဗိုလ်စစ်သားတွေ ဆိုရင် မြန်မာ တနိုင်ငံလုံး ဘယ်နေရာ သွားသွား လူတိုင်းက ကူညီတယ် ၊ ပြည်သူတိုင်းရင်းသားတိုင်းက စောင့်ရှောက်ဖေးမတယ်။ အားကိုးယုံကြည်ကြတယ်၊ သွေးချင်းမောင်နှမတွေလို ချစ်ကြတယ်။ စစ်ဗိုလ်စစ်သားတွေရဲ့ ဇနီးတွေကလည်း ရဲဘော်စစ်သားလေးတွေကို ကိုယ့်တူသားလို၊ မောင်နှမအစ်မ အရင်းအချာတွေလို ခင်မင်လေးစားကြတယ်၊ ရင်းနှီးဖေါ်ရွေကြတယ်လေ ။။ ။။ တကယ် အစဉ်အလာကောင်းခဲ့တဲ့ တပ်မတော်ပါ။။”

“ ဒီနေ့ခေတ် စစ်ဗိုလ်ကတော်တွေလို သူ့ယောကျ်ားရဲ့ ရာထူး အာဏာ၊ နေရာလုပ်ပိုင်ခွင့်ကို ဗန်းပြပြီး လာဒ်လာဘတွေ မတရားတောင်းယူ၊ ချမ်းသာစည်းစိမ်တွေခံစား အချင်းချင်း ဝင့်ကြွားဂုဏ်ပြိုင် သုံးဖြုန်း ပျော်ပါးနေတာမျိုး လုံးဝ မလုပ်တတ်ကြဘူး ကိုမျိုးရဲ့”

“ဟုတ်ပါတယ် အဘိုး ၊ အဲဒါကိုတော့ ကျနော် ထောက်ခံပါတယ် ••• ဒီနေ့စစ်တပ်လို ရာထူး၊ အာဏာ၊ နေရာ၊ ငွေကြေး၊ အခွင့်အရေး အတွက် ဘာလုပ်ရ၊ လုပ်ရ ဘနဖူး သိုက်တူးရတူးရ ဆိုတဲ့ စစ်ဗိုလ်တချို့၊ စစ်သားတချို့နဲ့ လင်ထက် အာဏာရှူးတဲ့ ဗိုလ်ကတော် တချို့က လက်အောက်က အရာရှိငယ်တွေ ရဲဘော်ငယ်တွေရဲ့ ဇနီး ကတော်ငယ်တွေ၊ ရဲမေတွေဆိုရင်လေ ကျွန်လိုသဘောထားနေကြတယ် အဘိုး ••••• ဟိုလေ •••• သူတို့ရဲ့ ••••• ကန်တော့ပါရဲ့နော် အဘိုးရယ် ••••သူတို့ရဲ့ မိန်းမ စစ်ဗိုလ်မှူး ဗိုလ်ချုပ်ကတော်တွေရဲ့ အတွင်းခံ ဘောင်းဘီကိုတောင် အိမ်စေ ကျွန်တယောက်ကို လျှော်ဖွတ်ခိုင်းသလို •••• အခိုင်းခံနေကြရတယ် အဘရေ၊ ••••• ကျနော့်တပ်ရင်းထဲမှာကို တကယ်ဖြစ်ခဲ့ဖူးတာ •••••• အဘိုးပြောတဲ့ ဗိုလ်ချုပ်အောင်ဆန်းလို ရဲဘော်ကိုချစ်တဲ့ စစ်ခေါင်းဆောင်လက်အောက် ပြည်ချစ်တပ်မတော်နဲ့ ဒီနေ့ ခေတ် ကျနော်တို့ စစ်တပ် ဆန့်ကျင်ဘက်လို ကွာလွန်းလိုက်တာ အဘိုးရယ်”

စစ်ဗိုလ်လူငယ်လေးက ဝမ်းနည်း နာကျည်းနောင်တ ရဟန်ဖြင့် အဘိုးအို၏ စကားအား ထောက်ခံ၏။

ဩော် မြင့်မြတ်သော သန္တေဖြင့် ပြည်သူ့အတွက် နိုင်ငံ့အတွက် ရဲဝံ့စွာ ပေါက်ဖွားလာခဲ့ သော မြန်မာ့တပ်မတော်သည် အဘယ့်အကြောင်းကြောင့် ပြည်သူချစ်သောဘဝမှ ပြည်သူချဉ်သော စစ်အုပ်စုဘဝသို့ ရောက်သွားခဲ့ရ ပါလေသနည်း ••••••။

“ကျနော်ဆက်ပြောပြမယ်၊ အဲဒီလို ဗိုလ်ချုပ်က ဒေါ်ခင်ကြည်ရဲ့ နားရင်းကို ရုတ်တရက်ကောက်ရိုက်ပြီးရော ••• ဘာပြောတယ်မှတ်လည်း•••• မင်းငါ့ရဲဘော်ကို ဈေးခြင်းတောင်းဆွဲခိုင်းစရာများ မှတ်နေလား ••• လို့ ဒေါသတကြီးနဲ့ မေးတယ် ကိုမျိုး၊ ဗိုလ်ချုပ်ရဲ့ ဒေါသကြီးပုံကို သိတဲ့ ဒေါ်ခင်ကြည်က မျက်နှာငယ်ငယ်လေးနဲ့ ဖြေရှာပါတယ်။”

“သူခေါ်သွားတာမဟုတ်ပါဘူးတဲ့၊ ဒီမနက်ဈေးသွားတဲ့နေရာမှာ အိမ်လုံခြုံရေး တာဝန်ကျတဲ့ ဒီရဲဘော်လေးက သူ့ဘာသာ လိုက်လာတာပါ •••• တဲ့၊ ပြီးတော့ ဒီဈေးခြင်းကိုလည်း သူဘာသာသူ ဆွဲကိုင်ကူညီ လိုက်ပါရစေဆိုပြီး၊ ခွင့်တောင်းလို့ ကိုင်လိုက်ခွင့်ပေးလာတာပါ••••• လို့ ဗိုလ်ချုပ်အောင်ဆန်းကို တောင်းပန်ရှင်းပြရှာပါတယ်။”

“ဒါလည်း ဗိုလ်ချုပ်ဒေါသက မပြေဘူးမောင် •••• သူ့ဇနီးထက် သူ့ရဲဘော်တွေကို ဘယ်လောက်ချစ်သလဲ ဆိုတာ ဒါဘဲကြည့်ပါတော့ ••• ဒါကြောင့်လဲ ပြည်သူ့ အသဲစွဲ၊ ရဲဘော်တွေက ဖခင်လိုချစ်တဲ့ ဗိုလ်ချုပ်ဆိုတာ ဖြစ်နေတာပေါ့”

အဘိုးအို ဦးဘုန်းကျော်၏ မျက်ဝန်းတို့သည် တဖြတ်ဖြတ်တောက်လာ၏။

“ ဒေါ်ခင်ကြည်က ဘယ်လိုဘဲ ရှင်းပြ ရှင်းပြ ဗိုလ်ချုပ်ကလုံးဝ လက်မခံဘူး၊ အဲဒီတုံးက ဗိုလ်ချုပ်ပြောတဲ့ စကားလေးတွေ ကျနော် ခုထိ မှတ်မိနေသေးတယ်”

“ဒီမှာ ကြည်•••• ငါ့ရဲဘော်တွေက မင်းတို့လို ဇနီးတွေရဲ့ ခိုင်းစေစရာ ကျွန်တွေ မဟုတ်ဘူးဆိုတာ မင်းမှတ်ထား •••• သူတို့တွေဟာ တိုင်းပြည်အတွက် နိုင်ငံ့ လွတ်လပ်ရေး ရအောင် တိုက်ယူဖို့အတွက် သူတို့

အသက်ကိုစွန့်လွှတ်ပေးဆပ်ပြီး တိုက်ပွဲဝင်ဖို့ဆိုတဲ့ မွန်မြတ် သန့်စင် ရဲရဲတောက်သတ္တိတွေနဲ့ ဒို့တပ်မတော်ထဲ ဝင်လာခဲ့ကြတာကွ၊ မင်းတို့လို မိန်းမတွေ ဈေးခြင်းတောင်း ဆွဲခိုင်း၊ ဟိုဟာခိုင်း ဒီဟာခိုင်း လက်တိုလက်တောင်း ခိုင်းစေတာလုပ်ပေးဖို့ အခိုင်းခံဖို့ ကျွန်လိုနေဖို့ ငါတို့ စစ်တပ်ထဲ ဝင်လာကြတာ မဟုတ်ဘူး”

“နောက်ကို မင်းမြဲမြဲ မှတ်ထား ···· မိသားစုရဲ့ အရေးအရာရော၊ ငါ့အတွက်ပါ ဘာကိစ္စဘဲဖြစ်ဖြစ်၊ ဘယ်တော့မှ ငါ့ရဲဘော်တွေကို မခိုင်းနဲ့ ကြားလား၊ စစ်ရေးစစ်ရာ တိုင်းပြည်အရေးအရာ ကိစ္စကလွဲရင် ငါ့ရဲဘော်တွေကို ဘယ်သူမှ မခိုင်းရဘူး”

ဗိုလ်ချုပ် ···· လူထုခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း ··· လွတ်လပ်ရေး ဗိသုကာ ဗိုလ်ချုပ်၊ မြန်မာ့နိုင်ငံရေး သုခမိန် ဗိုလ်ချုပ် ၊ ··· အမျိုးသားအာဇာနည် ဗိုလ်ချုပ် ဤသို့သော လက်အောက်ရဲဘော်တို့ပေါ် ချစ်ခင်မြတ်နိုးသော ရဲဘော်ရဲဘက်စိတ်နှင့် ခေါင်းဆောင်ကောင်း ပီသသော စိတ်ဓါတ်တို့ကြောင့် ကမ္ဘာကျော်ခဲ့ရသည်ပဲ ··· ဒီလို ကျောသားရင်သား မခွဲခြား စည်းနှင့်ကမ်းနှင့် အုပ်ချုပ်သည့် ခေါင်းဆောင်မှုဖြင့် သူ့ကျွန်ဘဝအောက်မှ မြန်မာပြည်သားတို့ အနှစ်နှစ်အလလ တောင့်တခဲ့ရသော မြန်မာ့လွတ်လပ်ရေး ပန်းတိုင်ကြီးဆီသို့ လူထုတိုင်းရင်းသား တပ်မတော်သား ပြည်သူတို့အားများ စုရုံးပေါင်းစည်းကာ လျှောက်လှမ်းချည်းကပ်နိုင်ခဲ့သည်ပဲ ···· အောင်ဆန်းဆိုမှ အောင်ဆန်း တခေတ်တယောက် ပေါ်ထွက်ခဲ့တဲ့ ပြည်သူ့ခေါင်းဆောင်ပေပဲ ·······

ဗိုလ်ချုပ်ရဲ့ သူ့ရဲဘော်ကို ချစ်တဲ့အကြောင်း တကယ့်လက်တွေ့ ဖြစ်စဉ်တွေက ဒီတခုလောက်တင်လား၊ ဆက်ကြည့်ပါအုံး ··

နတ်မောက်ဦးဘုန်းကျော်က စာအုပ်စင် အတွင်းမှ ဗိုလ်ချုပ်အောင်ဆန်းက ဆောင်ခါးကို မြေမှာထောက်၍ မတ်တပ်ရပ်နေပုံပါ ဂျာနယ် တစောင်ကို လှမ်းကြည့်ရင်း ဆက်ပြောပြန်ပါ၏။

“အေးကွယ် ကျနော်တို့ ဗိုလ်ချုပ်ရဲ့ ဓါတ်ပုံတွေ မတွေ့ရတော့တာလောက် ဒီနေ့ခေတ်မှာ စိတ်မကောင်း ဖြစ်စရာ မရှိပါဘူးဗျာ ···· သူဟာ တကယ့်ကို ခေါင်းဆောင်ကောင်း ပီသတဲ့ ဗိုလ်ချုပ်အောင်ဆန်းပါ၊ အသက်အရွယ်နဲ့ မလိုက်အောင် ထူးချွန်ထက်မြက်တဲ့ မျိုးချစ်ခေါင်းဆောင်ကောင်း တယောက်ပါ။ ဗိုလ်ချုပ်က စာပေလေ့လာရတာကို အင်မတန်မှ ဝါသနာပါရှာတယ် ······ တိုင်းမှုပြည်ရေးတွေနဲ့ ဒီလောက် နေ့မအား၊ ညမနား အလုပ်တွေ ရှုပ်နေတာတောင် သူနှစ်သက်တဲ့ စာတွေကို အချိန်လုပြီး ရအောင် ဖတ်နေ လေ့လာနေလေ့ရှိတယ်၊ စာဖတ်ကလည်း တအားမြန်ထာ၊ စာဖတ်မြန်လို့ ကျော်ကျက် ဖတ်သွားတယ် မထင်နဲ့ ····· စာအုပ်ရဲ့ ဘယ်နေရာမှာ ဘာအကြောင်းရေးထားတယ် ဆိုတာ အကုန်မှတ်မိတယ်၊ သိပ်တော်တဲ့ ခေါင်းဆောင်တယောက်ပါဗျာ···· ကျွန်တော့ကိုလည်း ···· ဟော့ကောင် ဘုန်းကျော် ဘယ်လိုစာအုပ်မျိုးကိုဖတ်၊ သည်လို အတွေးအခေါ် စာအုပ်မျိုးက ဟောဒီလို ရှုဒေါင့်က စဉ်းစားတွေးတောပြီး ဖတ်ရတယ်ကွ ဆိုပြီး အမြဲတမ်းသင်ပေးနေလေ့ရှိတယ်။”

“သူကိုယ်တိုင်လည်း စာအုပ်နဲ့ မျက်နှာမခွါ ဖတ်နေလေ့ ရှိတဲ့သူဘဲ ····· ငါပြောသလိုလုပ်၊ ငါလုပ်သလို လုပ်ဆိုတဲ့ တကယ့်ခေါင်းဆောင် အစစ်ဟာ ဗိုလ်ချုပ်ကလွဲလို့ ဘယ်သူမှ မဖြစ်နိုင်ဘူး”

စစ်ဗိုလ်လူငယ်လေးကား “သြော် ” ဟုသာ တလုံးတည်း ပြောနိုင်တော့သည်၊ သူတို့ခေတ်တွင် ဒီလိုစစ်ခေါင်းဆောင်မျိုး မကြုံခဲ့ဖူးသည်မှာ သေချာပေပြီ။

“တရက်တော့ ထမင်းစားဝိုင်းမှာ ပြဿနာတခုတက်တယ် ··· ဒီနေ့ခေတ် လူတွေ၊ စစ်သားတွေကို ပြောပြရင် ယုံမှာ မဟုတ်ဘူး ····ဗိုလ်ချုပ်အောင်ဆန်းက တပ်မတော်ရဲ့ စစ်သေနာပတိ၊ တပ်မတော်ရဲ့ အကြီးဆုံး စစ်ဗိုလ်ချုပ်ဆိုပြီး ကိန်းကြီးခန်းကြီး နေတာ၊ စားတာမဟုတ်ဘူး၊ ထမင်းစားတိုင်း ရဲဘော်တွေနဲ့ လက်ရည်တပြင်တည်း စားတယ်၊ စားရိပ်သာ ဆောင်တန်းလျားကြီးထဲမှာ အိမ်မှာရှိရှိသမျှ ရဲဘော် အငယ်ဆုံးလေးက အစ၊ အကြီးဆုံး စစ်ဗိုလ်ချုပ် သူပါ အားလုံး ···· အားလုံးစုံမှ မျက်နှာစုံညီ ထမင်းစားပွဲရှည်ကြီးနဲ့ ထိုင်ပြီးစားတယ်။ ရဲဘော်လည်း ဒီဟင်း ဒီထမင်းနဲ့ သူလည်း ····· ဒီဟင်းဒီထမင်းနဲ့ပဲ၊ စစ်သေနာပတိ ဆိုပြီးတော့ အခွင့်အရေး ပိုယူတာမျိုး မရှိခဲ့ဘူး၊ ဟင်းကောင်း ထမင်းကောင်းတွေ စားတာမျိုး ···· ကျွေးတာကို လက်ခံတာမျိုး လုံးဝမလုပ်ခဲ့ဘူး ကိုမျိုးရဲ့”

“တရက်တော့ ခါတိုင်းလိုဘဲ နေ့လည်စာ ထမင်းဝိုင်းပြင်ကြတယ်။ အဲသည်တုန်းက စားရိပ်သာ တာဝန်ခံ ဗိုလ်ကြီး ---- က ဘယ်လိုဘယ်က ရလာတယ် မသိပါဘူး···· ကြက်ဥလေးတလုံး သူ့ဆီရောက်နေတယ်။ ကြက်ခြံက ဥဥတယ်ထင်ပါရဲ့။ အဲဒါနဲ့ သူက ဒီကြက်ဥလေးကို သူတို့အားလုံး ချစ်ခင်လေးစားမြတ်နိုးကြတဲ့

စစ်ခေါင်းဆောင် အောင်ဆန်း စားပါစေ၊ သူတို့ဗိုလ်ချုပ်စားပါစေတော့ဆိုပြီး •••••တလုံးထဲသော အဲဒီဥကို ကြက်ဥကြော်လေး ကြော် ••••• ဗိုလ်ချုပ်စားမယ့် ပန်းကန်ထဲ ထည့်ပြင်ပေးထားလိုက်တယ်။ အဲဒီအချိန် စစ်အတွင်း ကာလတွေတုန်းက အစစအရာရာ တယ်ရှားပါးတာကိုး •••• ငါးခြောက်လေးတချပ်၊ ကြက်ဥလေး တလုံးရဖို့ဆိုတာ မလွယ်လှဘူး၊"

"အားလုံးပြင်ဆင်ပြီး စားဖို့အသင့်ဖြစ်ပြီဆိုမှ ဗိုလ်ချုပ်ကိုသွား သတင်းပို့တယ်၊ အားလုံးမျက်နှာစုံညီ စားဖို့အသင့်ဖြစ်ပါပြီပေါ့၊ ကျနော်ဘဲ သွားသတင်းပို့တာ၊ ဗိုလ်ချုပ်လည်း ခပ်သုတ်သုတ်ပဲ၊ လိုက်လာတယ်။ ထုံးစံအတိုင်း စားရိပ်သာ ထမင်းဝိုင်းမှာ သူ့ရဲဘော်တွေ လူစုံမစုံ တချက်ကြည့်တယ်၊ ပြီးတော့ သူ့ထိုင်ခုံနေရာမှာ ဝင်ထိုက်လိုက်တော့ သူ့အတွက် ပြင်ထားတဲ့ ထမင်းပန်းကန်ထဲက ကြက်ဥကြော်လေးကို တွေ့ရောဗျား •••"

"ဒါနဲ့ မျက်မှောင် တချက်ကုတ်ပြီး ထိုင်နေရာက ချက်ချင်းပြန်ထတယ်။ သူရှေ့စားပွဲတန်းရှည်မှာ စနစ်တကျ သေသေသပ်သပ် ထမင်းစားနေတဲ့ ရဲဘော်လေးတွေရဲ့ ထမင်း ပန်းကန်တွေကို တခုစီ လိုက်ကြည့်တယ်၊ ဘယ်သူမှာမှ ကြက်ဥကြော်မပါဘူး၊ ဘယ်ပါမလဲ ကြက်ဥက ဒီတလုံးထဲရှိတာကိုး"

"ရဲဘော်တွေနဲ့ တတန်းထဲ၊ တမယ်ထဲ တဟင်းထဲ စစ်စည်းကမ်း၊ စစ်ပုံစံအတိုင်း နေထိုင်စားသောက်တဲ့ သူ့ကို အဲဒီကြက်ဥကြော်လေး တချပ်ပိုကြွေးရ ကောင်းမလားဆိုပြီး ဒေါသတွေထွက်၊ စိတ်တွေဆိုးပြီး အဲဒီစားရိပ်သာ တာဝန်ခံ အရာရှိကို စစ်စည်းကမ်းအရ အရေးယူဖို့ ကျနော့်ကို ပြောတော့တာပဲ၊ ကျနော်လည်း ဗိုလ်ချုပ်ရဲ့ အမိန့်အရ အဲဒီစားရိပ်သာ တာဝန်ခံအရာရှိကို စိတ်မသက်မသာနဲ့ပဲ နေရာပြောင်းရွှေ့ အမိန့်ထုတ်ပြီး အရေးယူလိုက်ရတယ်။"

"ဗျာ •••• အဘိုး •••• ဗိုလ်ချုပ်က သူ့ကို ကြက်ဥကြော်လေး တချပ်ပိုကျွေးလို့ စစ်စည်းကမ်းနဲ့ အရေးယူတယ် ဟုတ်လား ဟုတ်မှဟုတ်ရဲ့လား အဘိုးရယ်••••••• "

စစ်ဗိုလ်လေး၏ စိတ်ထဲတွင်ကား ရဲဘော်တို့ထက် ကြက်ဥကြော်လေး တချပ် အပိုပြင်ပေးမိ၍ ဆူသော စစ်ဗိုလ်ဆိုတာ မကြားဖူး မမြင်ဖူးခဲ့ သလို၊ မိမိ စစ်ဗိုလ်ကိုယ်တိုင်လည်း ဤလိုမနေခဲ့ဖူးသည်ကို ရှက်နေမိ၏။ သူ့စိတ်တွင်းတွင်တော့ ရဲဘော်နှင့်မိမိတို့လို အရာရှိငယ်တွေနှင့် တတန်းတစားထဲ ဘယ်တော့မှ ထမင်း မစားသော တပ်မှူးကြီးများ၊ တိုင်းမှူးများ၊ အရာရှိများအကြောင်း၊ မယားရော သားသမီးပါ အာဏာတန်ခိုး ထက်လွန်းသော ယနေ့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ခေါင်းဆောင်ဆိုသူများ၊ အာဏာသုံး ကိုယ်ကျိုးသာ အဓိက ဆိုသူ စစ်ခေါင်းရှောင်များ အကြောင်းသာ တဝဲလည်လည် ရှိနေတော့သည်၊

သူ့အတွက် ဘာအခွင့်အရေးမှ မယူခဲ့ဘဲ တိုင်းပြည်အတွက် အသက်ကိုပင် ရဲရဲစွန့်လွှတ်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းသည် သူထူထောင်ခဲ့သော စစ်တပ်ကို ခိုင်းစေခံကျွန်အဖြစ် အသုံးချ၍ မြန်မာနိုင်ငံတွင် အချမ်းသာဆုံး သူဌေးကြီးများ ဖြစ်အောင်အားထုတ်နေသော စစ်ဗိုလ်ချုပ်အာဏာရှင်များ၏ လစ်လျူရှုပစ်ပယ် ရှုတ်ချခြင်းကို ယနေ့ ခံနေရ၏၊ ဤသည်မှာ ယဉ်ကျေးသော လူ့သမိုင်း၏ ဆိုးဝါးသော ဖြစ်စဉ်တို့ဖြစ်သည်။ စစ်ဗိုလ်ငယ်သည် ယနေ့တိုင်းပြည်တွင်း ဖြစ်နေသော ဤသမိုင်းဆိုးကြီး အကြောင်းကိုသာ ထပ်တလဲလဲ စဉ်းစားနေမိတော့ပြီ။

ဘာကြောင့်ဖြစ်နေလဲ၊ ဘယ်တော့ ပြင်နိုင်မလဲ၊ ဘယ်သူတွေက ပြင်ပေးနိုင်မလဲ။

မြန်မာနိုင်ငံအနှံ့ ဘယ်တပ်၊ ဘယ်ဌာန၊ သွားသွား တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဓါတ်ပုံကိုမျှ မမြင်ရ၊ ဗိုလ်ချုပ်၏ ဩဝါဒမိန့်ခွန်း စကားကားချပ်ကိုမျှ မတွေ့ရတော့အောင် ဗိုလ်ချုပ်၏ အငွေ့အသက်တို့ ခြောက်ခန်း ကင်းစင်နေလေပြီ။ မြင့်မြတ် တည်ကြည်သော ဗိုလ်ချုပ်၏ ရုပ်ပုံလွှာတို့ ကွယ်ပ ဖယ်ရှားခံရသည်နှင့် တန်းတူ စစ်ခေါင်းဆောင်ကောင်း စစ်သားကောင်းတို့၏ အမူအကျင့်၊ စစ်စည်းကမ်း၊ စိတ်ဓါတ် အစဉ်အလာကောင်း တို့သည်လည်း တပ်မတော်အတွင်းမှ လွင့်ပါးပျောက်ကွယ် သွားချေပြီ၊

စာရေးဆရာကြီးမောင်ထင်က သူနှင့်အင်မတန် ရင်းနှီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်၍ နိုင်ငံရေးသုခမိန် ဟူသော စာအုပ်တွင် ဤ သဘောမျိုး ရေးထားခဲ့သည်အား ဖတ်ဖူး၏။

ဗိုလ်ချုပ်တို့ ရက်စက်စွာ သတ်ဖြတ် လုပ်ကြံခံရသည်ကို မချိတင်ကဲ ဖြစ်လွန်း၍ ရေးခဲ့ခြင်းဖြစ်၏။ မိမိလူမျိုးကို အလွန်ချစ်သော ဗိုလ်ချုပ်အောင်ဆန်း ၊ တိုင်းပြည်အတွက် သူ့အသက်ကိုပင် မငဲ့၊ ဘယ်တော့မှ အန္တရာယ်မရှိဟု ယုံကြည်ခဲ့သူ အောင်ဆန်း၏ ရုပ်ကလာဒ်အား လှုပ်နိုး၍ မေးလို့ရလျှင် မေးလိုက်ချင်သေး၏၊

ကိုယ်လူမျိုးကို အလွန်ချစ်သော အောင်ဆန်း ၊ အမျိုးသားအာဇာနည် ဗိုလ်ချုပ်အား သူအလွန်ချစ်ခဲ့သော ဤလူမျိုးတူချင်းကပင် ရက်စက်စွာ လုပ်ကြံသတ်ဖြတ်၍ ကွယ်လွန်အနိစ္စရောက်ခဲ့ရပေပြီ၊

ဒီလူမျိုး၊ ဒီလို သစ္စာမဲ့တဲ့ လူမျိုးတွေကို ချစ်သေးပါရဲ့လား အောင်ဆန်းရဲ့ ဟု လှုပ်၍ လှုပ်၍ နှိုးကာ မေးလိုက်ချင်သည် ……

ဒီလူမျိုးကို ချစ်သေးရဲ့လား၊ ဒီမြန်မာလူမျိုးတွေကို ဗိုလ်ချုပ် ချစ်သေးရဲ့လား ဟု ငိုတဝက် ရှိုက်တဝက် မေးလိုက်ချင်၏။ ထပ်ကာထပ်ကာ လှုပ်နှိုး၍ မေးလိုက်ချင်၏။

ဒီလိုမေးလွန်လွန်း၍ စိတ်မရှည်တော့သော တမလွန်မှအောင်ဆန်းက ပြန်ဖြေနေအုန်းမည် …. သူနိုင်ငံ သူ့လူမျိုးကို ချစ်နေဆဲပါဟူ၍။

သူကား သူရဲကောင်း၊ သူကား အာဇာနည်၊ သူကာ တခေတ်တယောက် ပေါ်ခဲ့သော ခေါင်းဆောင် ……………။

ယခု ဗိုလ်ချုပ် ကွယ်လွန်ပြီး နှစ်ပေါင်း၅၀ကျော်ကြာ ဖြစ်သော ယနေ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အမည်ခံ အာဏာသိမ်း ကိုယ်ကျိုးရှာ စစ်အာဏာရှင် တကိုယ်ကောင်းသမားတို့လက်ထက်တွင် ဗိုလ်ချုပ်အား မွန်မြတ်သောနိုင်ငံ့သမိုင်းမှ ပယ်ဖျောက်ရန် ဝိုင်းဝန်းလုပ်ကြံနေကြပေပြီ။ ဗိုလ်ချုပ်အောင်ဆန်း၏ နာမည်ကို အသေသတ်ရန် ယုတ်ညစ်သော ဉာဏ်ဖြင့် ကောက်ကျစ်ကြံစည်နေကြလေပြီ။

လူသတ်သမား ဂျေုန်စောက ဗိုလ်ချုပ်တို့၏ အသက်ဝိဉာဉ်ကိုသာ သတ်နိုင်ခဲ့၏၊ မွန်မြတ်သော သမိုင်းကိုကား ဘယ်လိုမှ မသတ်နိုင်ခဲ့။ ပြည်သူ့ခေါင်းဆောင်၊ ဗိုလ်ချုပ်ဟူသော ဂုဏ်ပုဒ်ကိုကား ဘယ်လိုမှ မပယ်ဖျောက်နိုင်၊ မဖယ်ရှားနိုင်ခဲ့ ….

ကျေးဇူးရှင်ကို ရက်စက်စွာ ကျေးဇူးကန်းတတ်သော ယနေ့စစ်ခေါင်းဆောင်တို့ လက်ထက်၌ သူချစ်သော လူမျိုးတူချင်းကပင် ဗိုလ်ချုပ်အောင်ဆန်း၏ မွန်မြတ်သော သမိုင်းနာမည်ကို တကယ် သေအောင်သတ်နေကြပေပြီ။ ဗိုလ်ချုပ်အင်မတန် မြတ်နိုးသော တပ်မတော်၊ ဗိုလ်ချုပ်ကိုယ်တိုင် တည်ထောင်ခဲ့သော မြန်မာ့တပ်မတော်ကို လက်ကိုင်ဒုတ် လူသတ်တပ်ဖွဲ့သဖွယ် သုံး၍ ဗိုလ်ချုပ်၏ နာမည်အား သတ်ဖြတ်ဖျောက်ဖျက်ဖို့ လုပ်နေကြ၏။ တိုင်းပြည်အား စစ်ကျွန်သဘောက်အဖြစ် အတိုင်းတာမဲ့ ကာလထိတိုင် ကျွန်ဇာတ်သွင်းနိုင် ဂုတ်သွေးစုပ် အမြတ်ထုတ်နိုင်စေဖို့ အားထုတ်နေ၏။

ထိုမျှမကသေး ဘမျိုးဘိုးတူ ဖခင်အမွေကို ဆက်ခံပြီး၊ သူ့တိုင်းသူပြည်သားများ အားလုံးအတွက်၊ သူ့နိုင်ငံအတွက် သူ့အသက်၊ သူ့ဘဝ၊ သူ့အနာဂတ်ကို စတေးပြီး စစ်အာဏာရှင် စနစ်ဆိုးကြီးအောက်မှ လွတ်မြောက်ရေး၊ ဒီမိုကရေစီတိုက်ပွဲကြီးကို ဆင်နွှဲနေသော အောင်ဆန်း၏ ဖအေတူ သမီးအားလည်း လူရော၊ နာမည်ကိုပါသတ်ဖို့ ဖြောင်ကျကျ လုပ်နေကြလေပြီ။

နှစ်ပေါင်းများစွာ နေအိမ် အကျယ်ချုပ်ဘဝဖြင့် သားလည်း မတွေ့ရ၊ မြေးလည်းမချီရ၊ အထီးကျန် အဖော်မဲ့ ဘဝ ဆင်းရဲပင်ပန်းစွာဖြင့် မဆုတ်တမ်း ဒူးမထောက်စတမ်း၊ တိုင်းပြည်အတွက် တိုက်ပွဲဝင်နေသူ ဗိုလ်ချုပ်သမီး အား အဘိုးအဘေးမျိုးချစ်တို့၊ စာရေး ဆရာကြီးမောင်ထင်တို့လို စိတ်ဓါတ်နာကျည်းချက်ရှိသူတို့က သွားမေးကြည့်မည် ဆိုပါအုံ့၊

ရဲဘော်ကို ထိသဖြင့် ဇနီးကိုပင် မချန် အပြစ်ပေးခဲ့သူ ဗိုလ်ချုပ်၏ သမီးပီသစွာ၊ တိုင်းသူပြည်သားတို့နှင့် တတန်းတစားတည်း နေထိုင်ပင်ပန်းဆင်းရဲခံကာ နေသောလူထုခေါင်းဆောင်၊ တိုင်းသူပြည်သားများအတွက် သူ့ဘဝ အနာဂတ်အားလုံး သူ့ကိုယ်ကျိုးအားလုံးကို စွန့်လွှတ်၍ ပေးဆပ်တိုက်ပွဲဝင်နေသူ အမျိုးသားခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား သွားရောက်တွေ့ဆုံကာ သွားရောက်မေးမြန်းကြည့်မည် ဆိုပါအုံ့ ……။

ဒီလောက် ဒုက္ခရောက်နေတဲ့ တိုင်းသူပြည်သားတွေ၊ အနာဂတ်ပျောက်နေတဲ့ တိုင်းသူပြည်သားတွေ၊ ဆင်းရဲတွင်းထဲ တတိတိနစ်မြုပ်နေတဲ့ တိုင်းပြည်ကို လစ်လျူရှု ပြီး ကိုယ်ကျိုးစီးပွားတွေသာ ရှာစားနေနိုင်ရက်တဲ့ မြန်မာပြည်သားတွေတချို့၊ ဒေါ်စုရဲ့ ဖေဖေတည်ထောင်ခဲ့တဲ့ တပ်မတော်ထဲက ကိုယ်ကျိုးရှာ အာဏာသုံး မိုက်တွင်းနက်နေတဲ့ စစ်သားတွေ၊ ဒေါ်စုကို ဖမ်းဆီးချုပ်နှောင်တည်း ထားတဲ့ အဖွဲ့အစည်းတွေ၊ ရိုင်းစိုင်းရက်စက်စွာ ဆက်ဆံနေတဲ့ ဒီလူမျိုး ဒီမြန်မာတွေကို ဒေါ်စု ချစ်သေးရဲ့လား …… အမေစု ချစ်သေးပါရဲ့လား လို့ မေးကြည့်မည် ဆိုပါအုံ့ ……

ဒီလောက် နှစ်ပေါင်းများစွာ အဖမ်းခံ ပေးဆပ်ပြီး ဦးဆောင်တိုက်ပွဲဝင်နေပါရက်နဲ့ ကျေးဇူးနားမလည်၊ တန်ဖိုးလည်းမထား လစ်လျူရှုနေနိုင်အားတဲ့ တိုင်းသူပြည်သား ဒီမြန်မာများကို အမေစု တကယ်ရော ချစ်သေးပါရဲ့လားလို့ သွားမေးလိုက်ကြည့်မည်ဆိုပါအံ့ ………

အကျဉ်းစံဘဝဖြင့် နှစ်ပေါင်းများစွာ အထီးကျန်နေရင်း အသက် ၆၂နှစ်ပြည့်သွားပြီဖြစ်သော အမေ ဒေါ်အောင်ဆန်းစုကြည်က ပြန်ဖြေပါလိမ့်အံ့းမည်၊ ခိုင်မာစူးရှသော မျက်ဝန်းများ၊ တည်ကြည်သိက္ခာရှိသော အပြုံးများ၊ အကြောက်တရား ကင်းစင်သော မျက်နှာထားဖြင့် ဤသို့ပြန်ဖြေ ပါလေအံ့းမည်……

ဒီနိုင်ငံ၊ ဒီတိုင်းပြည်၊ ဒီတပ်မတော်၊ ဒီလူမျိုးတွေကို သူမ ချစ်နေဆဲပါ ဟူ၍ ………။

အဘယ်ကြောင့်ဆို သူမသည် မော်ကွန်းလည်း ထိုးလောက်တယ် မြင့်မြတ်တဲ့ ဗိုလ်အောင်ဆန်း ဆိုတဲ့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ စိတ်ဓါတ်အမွေ၊ ခံယူချက်အမွေ၊ မှန်မြတ်စိတ်နှလုံး အမွေ၊ ခေါင်းဆောင်ကောင်းတို့ အမွေ အားလုံး၊ အားလုံးကို လက်ဆင့်ကမ်း ခံယူကျင့်သုံးခဲ့သော မော်ကွန်းထိုး ကမ္ပည်းတင်ရမည့် လူထုခေါင်းဆောင် ဖြစ်ပေသောကြောင့်တည်း။ အမျိုးသားခေါင်းဆောင် ဖြစ်သောကြောင့်တည်း။

(ဤစာစုငယ်အား လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ တိုင်းပြည်နှင့် လူမျိုးအတွက် တတ်စွမ်းသရွေ့ သမိုင်းပေးတာဝန်များကို မှန်မြတ် ကျေပွန်စွာထမ်းဆောင်သွားသူ မျိုးချစ်စစ်သားဟောင်း၊ စာရေးဆရာကြီး နတ်မောက်ဘုန်းကျော်နှင့် မကြာမီကျရောက်တော့မည့် မှန်မြတ်သော သမိုင်းဝင် အာဇာနည်နေ့အား အထူးဂုဏ်ပြုအောက်မေ့ သတိရစွာဖြင့် ဤဇွန်လ (၁၉)ရက် နေ့အတွင်း အပြီးရေးသားပါသည်)

နွေဇေဒါ